# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade COMMERCE

March 12, 2019 Volume 17, Number 8


**၁၂.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၇၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၉.၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၀.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၈.၉ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၆၄.၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၄၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၄၂ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၅၆ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၁၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၀၁၅ကျပ် |

Source: CBM Rate. etrademvanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


# ပြည်ပပို့ ကုန်အလားလာရှိသော သီးနှံအမျိုးအစားပေါင်း ၂၂ မျိုး ရေးဆွဲသွားမည်



စိုက်ပျိုးရေးဆိုင်ရာ အခြေခံ ထုတ်ကုန် နည်းပညာ ဆပ်ကော်မတီမှ မြန်မာ့ စံချိန်စံညွှန်းများ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ပပို့ကုန်အလား အလာရှိသောသီးနှံများကို ဦးစားပေး ရေးဆွဲသွားမည် ဖြစ်ပြီး လက်ရှိတွင် သီးနှံ အမျိုးအစားပေါင်း ၂၂ မျိုးခန့် ရေးဆွဲသွားရန် ပြင်ဆင်ထားကြောင်း သိရသည်။ လက်ရှိတွင် ၀ဥ၊ ချင်းနှင့် သီဟိုဠ်စေ့ စသည့်သီးနှံများ၏ မြန်မာစံချိန်စံညွှန်း မူကြမ်းများ အပြီးသတ်နိုင်ရန် နည်းပညာဆပ်ကော်မတီသို့ တင်ပြလာသည့် အတွက် ၎င်းစံချိန်စံညွှန်း မူကြမ်းများကို သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ မှ ကော်မတီဝင်များပူးပေါင်း၍ စံချိန်စံညွှန်းလုပ်ငန်းကော်မတီသို့ ဆက်လက် တင်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး အတည်ပြုချက်ရယူမှုများပြုလုပ်ထား ကြောင်းသိရသည်။

အခု ISO ၁၇၂ နဲ့အညီ သီးနှံ ၁၅ မျိုးရဲ့ မြန်မာစံချိန်စံညွှန်းအတိုင်း ရေးဆွဲထားပြီးဖြစ်လို့ အများပြည်သူ သဘောထားတောင်းခံနိုင်ဖို့ စံချိန်စံညွှန်း လုပ်ငန်းကော်မတီကို တင်ပြထားပြီးဖြစ်တယ်။ မြန်မာ့ဆန်နဲ့တစ်ချို့သော ပဲအမျိုးအစားတွေရဲ့ စံချန်စံညွှန်းကိုထုတ်ပြန်ထားပြီးဖြစ်တယ်လို့ ယင်းကော်မတီ ဥက္ကဌ၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ပြောသည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်သောသီးနှံများ စံချိန်စံညွှန်းနှင့်ညီညွတ်မှသာ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ပြီး ထိုသို့ဖြစ်လာစေရန် နည်းပညာများပံ့ပိုးပေးခြင်း၊ သီးနှံများဆိုင်ရာ စံချိန်စံညွှန်းများအား သက်ဆိုင်ရာ ဌာနများနှင့် အသင်းအဖွဲ့များသို့ သဘောထားမှတ်ချက်တောင်းခံရယူခြင်းနှင့် သဘောတူညီချက် ရယူခြင်းမှတစ်ဆင့် စံချိန်စံညွှန်း လုပ်ငန်းကော်မတီသို့ ဆက်လက် တင်ပြရမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် နည်းပညာဆပ်

ကော်မတီမှ ရေးဆွဲခဲ့သည့် မြန်မာ့ဆန်နှင့် ပဲမျိုးအစား(အချို့) စံချိန်စံညွှန်းများကို မြေပဲ၊ ဖရဲ၊ ထောပတ်သီး၊ ကျွဲကော၊ ငှက်ပျောသီး၊ ကော်ဖီ၊ သခွားမွေး၊ ဒူးရင်းသီး၊ မင်းဂွတ်သီးစသည့်မူကြမ်းများကို အများပြည်သူ သဘောထား မှတ်ချက်တောင်းခံခဲ့ပြီး မြန်မာနိုင်ငံမှ ထွက်ရှိသည့်သီးနှံများ ဘေးကင်းလုံခြုံစိတ်ချရခြင်းနှင့် ယှဉ်ပြိုင်မှုဈေးကွက်အတွက် အထောက်အပံ့ဖြစ်လာမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=6898

## လက်ရှိဘဏ္ဍာနှစ် ငါးလကျော်တွင် ပဲဈေးနှုန်းကျဆင်းနေသဖြင့် ယခင်နှစ်များထက် ဝင်ငွေလျော့ကျ



လက်ရှိဘဏ္ဍာနှစ် ငါးလကျော်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၆၆၀,၀၀၀ ခန့်တင်ပို့ထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ၃၂၀,၀၀၀ ကျော် ပိုမိုတင်ပို့ထားသော်လည်း ပဲဈေးနှုန်းကျဆင်းသဖြင့် ယခင်နှစ်များထက် ဝင်ငွေလျော့ကျနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၁ ရက် အထိ ငါးလကျော်အတွင်း ပြည်ပသို့ ပဲမျိုးစုံ ၆၅၉,၂၉၁ တန်အထိ တင်ပို့ထားပြီး ယခင်နှစ်ကာလတူတွင်မူ တန်ချိန် ၃၃၅,၂၁၂ တန်သာ တင်ပို့ခဲ့သဖြင့် လက်ရှိဘဏ္ဍာနှစ် ငါးလကျော်တွင် ယခင်နှစ်ကာလတူထက် ၃၂၄,၀၇၈ တန် အထိ ပိုမိုတင်သွင်းထားခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိဘဏ္ဍာနှစ် ငါးလကျော်အတွင်း ပဲမျိုးစုံ ၆၅၉,၂၉၁ တန်တင်ပို့မှုမှ တန်ဖိုး ဒေါ်လာ ၃၇၄ ဒသမ၂၅၉ သန်းရရှိထားကြောင်းသိရသည်။

ပဲမျိုးစုံက တန်ချိန် ၆၅၉၂၉၁ တန်ချိန် စံချိန်တင်ပြီးသွားပြီး ကာလတူက ၃၃၅၂၁၂ တန်ချိန် ၃၂၄၀၇၈ ပိုတင်ပို့ထားတာပေါ့။ တန်ဖိုးက ပဲအမျိုးမျိုးက ၃၇၄ ဒသမ၂၅၉ သန်း။ ဟိုအစောပိုင်းနှစ်ကထက်ယှဉ်ရင်တော့ ဝင်ငွေကတော့ လျော့သွားတယ်။ မတ်ပဲဆိုလည်း အရင်တုန်းက  တန်ဖိုးကအများကြီးရတာ။ ဈေးနှုန်းတွေကြောင့် ရရှိတဲ့ဝင်ငွေတန်ဖိုးကကျသွားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။

ဇန်နဝါရီ ၉ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၂၂၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၈၅၀၀၀၊ ဇန်နဝါရီ ၁၀ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၀၁၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၆၄၀၀၀ နှင့် ဇန်နဝါရီ ၁၄ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၉၆၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၆၄၀၀၀ ဈေးရှိခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော စာရင်းများအရသိရသည်။

သို့သော် ဇန်နဝါရီ ၂၁ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၃၀၀၀၀ ၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၉၅၀၀၀ အထိ ဈေးပြန်တက်ခဲ့ပြီး ဇန်နဝါရီ ၂၂ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၁၈၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၈၈၀၀၀၊ ဇန်နဝါရီ ၂၃ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၂၂၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၈၂၀၀၀ အထိ ဈေးရှိခဲ့သည်။ ဇန်နဝါရီလဆန်းပိုင်းအတွင်း အိန္ဒိယဘက်က ပဲဝယ်ယူမှု လျော့ကျခဲ့သဖြင့် ပြည်တွင်းပဲဈေးကွက်အတွင်း ပဲဈေးအေးလာပြီး မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၉၉၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၆၉၀၀၀ အထိ ဈေးကျလျက်ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။

ဖေဖော်ဝါရီ ၁ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၅၇၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၂၀၀၀၀၊ ဖေဖော်ဝါရီ ၄ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၅၇၈၅၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၁၈၅၀၀ အထိပဲ ဈေးကျဆင်းခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၁၂၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၄၂၀၀၀၊ ဖေဖော်ဝါရီ ၈ ရက်တွင် မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၁၈၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၄၈၀၀၀ အထိ ဈေးရှိခဲ့သည်။ မတ် ၄ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၆၆၀၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၇၉၀၀၀၀ ရှိခဲ့ရာမှ မတ် ၈ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၇၁၅၀၀၀၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၈၉၀၀၀၀ ဈေးရှိခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။

**Source:** https://news-eleven.com/article/89101

## တရုတ်ကိုတင်ပို့ နေသော ဖရဲနှင့်သခွားမွှေးဈေးကောင်းရနေ

ယခုလဒုတိယပတ်မှစတင်ပြီး မူဆယ်မှတင်ပို့နေသည့် ဖရဲနှင့်သခွားမွှေးများ ဈေးကောင်းရလျှက်ရှိနေသည်။ နယ်စပ် ဈေးကွက်အတွင်းသို့ ဖရဲသခွားများ အလုံးအရင်းဝင်ရောက်နေသော်လည်း ဈေးကျမသွားဘဲအရောင်းအဝယ် ဖြစ်နေခြင်း ဖြစ်သည်။ အဝင်ကများတယ်၊ မနေ့ကဆို သခွားမွှေးက အစီးရေလေးရာလောက်ရောက်လာတာ။ ဒါပေမယ့် ရောင်းကောင်းနေဆဲဘဲ။ လာမယ့်တပတ်လောက်အထိ ဈေးကမာမှာပါ။ အဝင်သိပ်မကြမ်းဖို့လိုကြောင်း ဝမ်တိန်ကွင်းမှ သစ်သီးကုန်သည် ဦးမိုးမြင့်ကဆိုသည်။

သစ်သီးကား အဝင်အခြေအနေပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိနေပြီး လက်တလောတွင် သခွားမွှေး အဝင်မှာ ဆက်တိုက်မြင့်တက်လျှက်ရှိနေသည်။ ဖရဲနှင့်သခွားမွှေး ဈေးနှုန်းများက ယခင်လအတွင်းက အနည်း ငယ်ကျဆင်းခဲ့ပြီး ယခုပြန်လည်ကောင်းမွန်လာခြင်းဖြစ်သည်။ ယနေ့ငွေဈေးနှုန်းအရ တစ်ယွမ်လျှင် ကျပ်(၂၂၀) ဖြစ်သည်။

**Source: popular news journal**

## မန္တလေးဆန်ဈေးကွက် အရောင်းအဝယ်ကျဆင်းလာ



တရုတ်နိုင်ငံ ဘက်အခြမ်းတွင် မြန်မာနိုင်ငံမှတင်ပို့သည့် ဆန်များကို အဖမ်းအဆီးတင်းကြပ်နေမှုကြောင့် ယခုရက်ပိုင်းအတွင်း မန္တလေး ဆန်ဈေးကွက်တွင်ပါ အရောင်းအဝယ်ကျဆင်းနေကြောင်း မန္တလေး မြို့ရှိ ဆန်ကုန်သည်များထံမှသိရသည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီလ ဒုတိယပတ်အချိန်ထိ ဆန်ဈေးနှုန်းများ တည်ငြိမ်မှုရှိသော်လည်း၊ ယခုလအစမှ စတင်ကာ တရုတ်နိုင်ငံ ဘက်အခြမ်းတွင် အဖမ်းအဆီးများရှိလာပြီးနောက်တွင် ဆန်တင်ပို့မှု အခက်အခဲများ ဖြစ်ပေါ်လာရာမှ ပြည်တွင်းဆန်ဈေးကွက်ပါ ကျဆင်းလာခြင်းဖြစ်သည်။ တရုတ်တင်ပို့တဲ့ ဆန်အရောင်း အဝယ်က ရိုက်ခတ်တာပေါ့။ အခုလောလောဆယ်ထိတော့ အရောင်းအဝယ်ရပ်တန့်ဦးမယ်လို့ ခန့်မှန်းထားကြောင်း မန္တလေးမြို့မှ ဆန်ကုန်သည်ဦးဌေးအောင်က ပြောသည်။

လက်ရှိအချိန်တွင် မန္တလေး ဆန်ဈေးကွက်၌ ဆန်အမျိုးအစားအလိုက် အနည်းဆုံး တစ်အိတ်လျှင် ကျပ် ၁,၀၀၀ ခန် .မှ ကျပ် ၂,၀၀၀ ခန့်ထိ ကျဆင်းလာနေကြောင်းသိရသည်။ တရုတ်ဘက်က ဆန်ပြန်ဝယ်လို့ ပြည်တွင်းဆန်ဈေး ဆက် တက်ဖို့ကတော့ မဖြစ်နိုင်သေးဘူး။ မကြာခင်အနယ်နယ်အရပ်ရပ်က နွေစပါးတွေပေါ်ပြီဟု ဆန်ကုန်သည်ဦးစိုးဝင်းက ပြောသည်။ ယနေ့မန္တလေးဆန်ဈေးကွက်တွင် လက်ရှိဆန်ဈေးနှုန်းများမှာ (ပွဲရုံဈေး/တစ်တင်းခွဲအိတ်) ဆန်တစ်အိတ်လျှင် ရွှေဘိုပေါ်ဆန်း ၄၅,၀၀၀ မှ ၄၈,၀၀၀ ကျပ်၊ ရန်ကုန်ပေါ်ဆန်း ၃၈,၀၀၀ မှ ၄၀,၀၀၀ ကျပ်၊

ရောမင်း ၃၈,၀၀၀ မှ ၃၉,၀၀၀ ကျပ်၊ မဂျမ်းတော(အရှေ့တော) ၄၀,၀၀၀ မှ ၄၁,၀၀၀ ကျပ်၊ ရန်ကုန်ရေကျ ၂၄,၅၀၀ မှ ၂၅,၀၀၀ ကျပ်၊ အညာသား ၂၅,၀၀၀ မှ ၂၅,၅၀၀ ကျပ်၊ ဆန်ကြမ်းဆလပ် ၂၀,၀၀၀ မှ ၂၀,၅၀၀ ကျပ်၊ ဖန်သီး မနော် ၂၆,၀၀၀ မှ ၂၆,၅၀၀ ကျပ်ခန့် အသီးသီးပေါက်ဈေးရှိနကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=6896

## အာလူးမျိုးများ ဖြန့် ဝေမှုစနစ်ထူထောင်ခြင်း စီမံကိန်းမှ အပါအဝင်စီမံကိန်းသုံးခုကို စတင်ဆောင်ရွက်



အာလူးမျိုးများ ဖြန့်ဝေမှုစနစ်ထူထောင်ခြင်း စီမံကိန်းမှ ရောဂါကင်းရှင်းသော တစ်သျှူးအာလူးမျိုးများ ရရှိနိုင်ရန် အတွက် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့် တင်ခြင်း အပါအဝင် စီမံကိန်း ၃ ခုကို ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (KOPIA) မှ အကူအညီများ စတင်ပေးနေပြီဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သတင်းရရှိသည်။ ကိုရီးယား အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (KOPIA)မှ ကူညီပေးမည့် စီမံကိန်း ၃ ခုမှာ အာလူးကဏ္ဍအပါအဝင် ဂျုံအဓိကစိုက်ပျိုးသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ ဂျုံထုတ်လုပ်မှုတိုးတက်ရေးအတွက် အရည်အသွေးပြည့်မီသော ဂျုံမျိုးများ ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာပေးသင်တန်းများကျင်းပခြင်း၊ ဆန်စပါးသီးနှံအတွက် ရိတ်သိမ်း ချိန်လွန်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် စီမံကိန်းလုပ်ငန်း ၃ စိုက်ပျိုးရေး သုတေသန ဦးစီးဌာန (DAR) နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက တောင်သူတွေ အများဆုံးစိုက်ပျိုးတဲ့ သီးနှံတွေ အတွက် လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်မယ့် ရိတ်သိမ်းချိန်လွန်နည်းပညာတွေကို ရှာဖွေဖော်ထုတ်ဖို့လိုသလို အာလူး မျိုးများ ဖြန့်ဝေမှုစနစ်ထူထောင်ခြင်း စီမံကိန်းကနေ ရောဂါကင်းသော တစ်သျှူးမှ အာလူးမျိုးတွေ ရရှိဖို့အတွက် စနစ်တကျဆောင်ရွက်နိုင်တဲ့ နည်းပညာပိုင်းဆိုင်ရာသင်တန်းတွေကို KOPIA မှကြီးကြပ်ကာ သင်ကြားပို့ချ စေလို တယ်။ အရည်အသွေးပြည့်မီသော ဂျုံမျိုးများဖြန့်ဖြူးတာနဲ့စိုက်ပျိုးထုတ်လုပ်တဲ့ နည်းပညာပေးသင်တန်းတွေကို ထိထိ ရောက်ရောက် ဆောင်ရွက်ပေးစေလိုကြောင်းပြောသည်။

လက်ရှိတွင် အာလူးနှင့်ပတ်သက်၍ ဟဲဟိုး၊ အင်းခေါင်း၌ Protected Houses များ ဆောက်လုပ်ကာ Hydrophonic Seed Potato Production စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လိုအပ်သော နည်းပညာများကို အောင်ပန်းခြံမှ မျိုးအာလူးသုတေသနလုပ်ငန်းကျွမ်းကျင်သူများမှ အကူအညီပေးစေခြင်းနှင့် KOICA မှProject Experts များအားလည်း လာရောက်ကာအကူအညီပေးရန်လိုအပ်ကြောင်းသိရသည်။ ထို့ပြင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မနှင့်ဂေဟဗေဒဌာနမှ ဂျုံသီးနှံနှင့်ပတ်သက်၍ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာသိပ္ပံ ကျောင်းသား/သူအသစ်များကို လက်ခံပေးမည့် အစီအစဉ်များအား လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင် နိုင်ရာ၌ KOICA ဘက်မှ လိုအပ်သည့်နည်းပညာသင်တန်းပေးခြင်း သုတေသနများကို ကိုရီးယားနိုင်ငံတွင် လုပ်ဆောင်စေခြင်းဖြင့် ပိုမိုကောင်းမွန်သည့်ရလဒ်များ ရနိုင်မည်ဖြစ်ကြောင်းသိရသည်။ စိုက်ပျိုးရေး သုတေသနဦးစီးဌာန (DAR) နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (KOPIA) တို့အပြင် သက်ဆိုင်ရာ ဝန်ကြီးဌာန တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်း(၃) ခုနှင့် ပတ်သက်သည့်သုတေသန

လုပ်ငန်းများအတွက် စီမံချက်များတင်ပြခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းများကို မတ်လ (၅) ရက်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့သည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6901

## ပြည်တွင်း၌ ပဲပုပ်ဆီ စိုက်ပျိုးထုတ်လုပ်နိုင်မှု နည်းပါး




မြန်မာနိုင်ငံတွင် ပဲပုပ်ဆီကို စားအုန်းဆီအစားထိုးအဖြစ် လျာထားသော်လည်း ပဲပုပ်စေ့စိုက်ပျိုးထုတ်လုပ်နိုင်မှု အင်အားနည်းပါးနေကြောင်း မြန်မာနိုင်ငံဆီကုန်သည်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက ပြောသည်။

လက်ရှိပဲပုပ်ဆီကို စားအုန်းဆီအစားထိုးအဖြစ် တင်သွင်းရန်စီစဉ်ရခြင်း မှာ စားအုန်းဆီတင်သွင်းသည့် ဆီတင်သင်္ဘောများ၏ ကျင့်ဝတ်နှင့် မကိုက်ညီမှုများရှိသည့်အတွက် စားအုန်းဆီအစား ပဲပုပ်ဆီကို ပြည်တွင်း၌သာ စိုက်ပျိုးထုတ်လုပ်လိုခြင်းဖြစ်သည်။

သို့သော် ပဲပုပ်ဆီအပေါ် ဆီကုန်သည်များ စိတ်ဝင်စားမှုရှိသော်လည်း ပြည်တွင်း၌ ပဲပုပ်ထုတ်လုပ်နိုင်မှု အားနည်းနေခြင်းနှင့် ပြည်ပမှ တင်သွင်းစရိတ်မြင့်မားခြင်းတို့ကြောင့် ပြည်တွင်းဈေးကွက်၌ ပဲပုပ်ဆီ အစားထိုးရေးမှာ ခက်ခဲနေဆဲဖြစ်ကြောင်း ကုန်သည်များကဆိုသည်။

ပြည်တွင်းမှာ ပဲပုပ်ရဲ့ ထုတ်လုပ်မှုအားနည်းတယ်။ ဈေးကွက်လိုအပ်ချက်အရ ပဲပုပ်ဆီက မဖြစ်နိုင်သေးဘူး။ ပဲပုပ်ထုတ်လုပ်မှုများမှ ပဲပုပ်ဆီ ဖြစ်ပေါ်လာမယ့် အခြေအနေရှိကြောင်း ဦးမြင့်ကြူကပြောသည်။ ပြည်တွင်း၌ ပဲပုပ်စိုက်ပျိုးမည်ဆိုပါက ပဲပုပ်ဆီ တစ်တန်ခန့်ရရှိရေးအတွက် ပဲပုပ်စိုက်ဧက (၈) ဧကဝန်းကျင်စိုက်ပျိုးရမည်ဖြစ်ပြီး လက်ရှိ ပြည်ပမှ တင်သွင်းနေရသည့် စားအုန်းဆီ တန်ချိန် (၆) သိန်းအား အစားထိုး နိုင်ရန်အတွက် ဧကပေါင်းများစွာ စိုက်ပျိုးရမည်ဖြစ်သည်။ ထို့ပြင် ပြည်ပမှစားအုန်းဆီတင်သွင်းမှုအစား ပဲပုပ်ဆီတင်သွင်းမည်ဆိုပါကလည်း ပဲပုပ်ဆီ တစ်တန်အတွက် အမေရိကန်ဒေါ်လာ (၂,၀၀၀) ခန့် ပိုမိုကုန်ကျကြောင်းသိရသည်။ ပဲပုပ်ဆီက စားအုန်းဆီနဲ့ယှဉ်မယ် ဆိုရင်အများကြီးကွာတယ်။ ဒါပေမယ့် ဆီရရှိမှုအပိုင်းကျနည်းတယ်။ ၈ ဧကစိုက်မှ ၁ တန်ပဲရဆိုတော့ တော်တော် များများက မစိုက်ချင်ဘူး။ နောက်တစ်ချက်တောင်သူတစ်ဦးတိုင်းမှာ ပဲပုပ်စိုက်ဖို့ ၈ ဧကဆိုတာရှိဖို့မလွယ်ကြောင်း သာစည်မြို့မှ ဆီစက်လုပ်ငန်းရှင်ဦးရွှေဝင်းက ပြောသည်။

Source: http://www.amiamyanmar.com/detail.aspx?id=6899

## အထွက်နှုန်းနည်းပါးမှုနှင့် လောင်လက်များဝယ်ယူမှုကြောင့် မတ်ပဲဈေးနှုန်းမြင့်တက်

ယခုနှစ် မတ်ပဲထွက်ရှိချိန်တွင် အထွက်နှုန်းနည်းပါးမှုနှင့် လောင်လက်များဝယ်ယူမှုကြောင့် ပဲဈေးကွက်အတွင်း မတ်ပဲ တစ်တန်လျှင် ငွေကျပ်တစ်သိန်းနှစ်သောင်းဝန်းကျင်အထိ ဈေးနှုန်းမြင့်တက်လာကြောင်း မြန်မာနိုင်ငံနှမ်းမျိုးစုံနှင့် ပဲကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦး၏ ပြောကြားချက်အရသိရသည်။ ဇန်နဝါရီလအတွင်းက အိန္ဒိယ နိုင်ငံမှ ပဲဝယ်ယူမှု ရပ်ဆိုင်းလိုက်ခြင်းကြောင့် ပြည်တွင်း ပဲဈေးကွက်၌ မတ်ပဲတစ်တန်လျှင် ငွေကျပ် ၅၇၀၀၀၀ အထိ ဈေးနှုန်းကျဆင်းခဲ့ရာမှ ယခုမတ်ပဲထွက်ရှိချိန်တွင် ငွေကျပ် ၆၉၀၀၀၀ အထိ ဈေးနှုန်းပြန်လည် မြင့်တက်လာခြင်း ဖြစ်သည်။

ပြည်တွင်းမှာ ပဲလက်ကျန်လည်း နည်းတယ်။ ပြည်တွင်းလောင်လက်တွေ ဝယ်ယူမှုများလာတာကြောင့် ဈေးနည်းနည်း ပြန်တက်လာတာဖြစ်ပါတယ်ဟု ဦးမင်းကိုဦးကပြောသည်။ ပြီးခဲ့သည့်နှစ် မတ်ပဲစိုက်ရာသီတွင် စိုက်ပျိုးချိန် နောက်ကျခြင်းနှင့် ရာသီဥတုအခြေအနေကြောင့် တချို့ဒေသများ၌ ပဲအဝါကျခဲ့သည့်အတွက် လတ်တလောတွင် မတ်ပဲအထွက်နှုန်း လျော့ကျနေခြင်းဖြစ်သည်။ ဒီနှစ်မတ်ပဲအထွက်လျော့မယ်ဆိုတာ မှန်းလို့ရပါတယ်။ မတ်ပဲက

ဖေဖော်ဝါရီလကုန် မတ်လဆန်းပိုင်းမှာထွက်နေကျပါ။ ထွက်တဲ့အချိန် ပြည်တွင်းမှာ ပဲဈေးနှုန်းပြန်ထိန်းပေးနိုင် ရင်တော့ တောင်သူတွေအတွက် ကောင်းပါတယ်။ တကယ်လို့ အိန္ဒိယနိုင်ငံက ပုံမှန်ပြန်ဝယ်မယ်ဆိုရင် ဈေးနှုန်းတက်ရိပ် ပိုပြီးအားကောင်းလာမယ့် အခြေအနေရှိကြောင်း ဦးမင်းကိုဦးကပြောသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ သုံးရက်ကြာ ကျင်းပခဲ့သော 4th ASEAN-India Expo and Summit သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပဲ၊ နှမ်းကုန်သည်များ တက်ရောက်ခဲ့ပြီး မတ်လ အတွင်းထွက်ရှိမည့် မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန်လေးသိန်းခန့်ကို ယခုနှစ်အတွင်း ဝယ်ယူပေးရန် အိန္ဒိယနိုင်ငံ အစိုးရထံ သွားရောက်တွေ့ဆုံ၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ အိန္ဒိယနိုင်ငံဘက်မှ မတ် ၃၁ ရက်မတိုင်မီ ပြန်လည် အကြောင်းပြန်မည်ဟု ပြောကြားထားသည့်အတွက် လတ်တလောအခြေအနေမှာ စောင့်ကြည့် အနေအထားတွင်သာ ရှိနေသေး ကြောင်းသိရသည်။ လက်ရှိတွင် ပြည်တွင်းမှ ပဲများကို ပြည်ပဈေးကွက်သစ်များ ရှာဖွေကာ တင်ပို့လျက်ရှိသော်လည်း မတ်ပဲကို အိန္ဒိယနိုင်ငံမှ အများဆုံးဝယ်ယူနေခြင်းဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံမှ ပြန်လည် ဝယ်ယူမည်ဆိုပါက ဈေးနှုန်းပိုမိုကောင်းလာနိုင်ဖွယ်ရှိကြောင်းနှင့် မတ်ပဲကိုရောဝတီတိုင်းဒေသကြီး၌ အများဆုံး စိုက်ပျိုးကြောင်းသိရသည်။

**Source:**http://myawady.net.mm/index.php/business/item/41138-2019-03-12-  10-28-32

## ပြည်တွင်း၌လိုအပ်ချက်ရှိ၍ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုရပ်ဆိုင်းမည်မဟုတ်

အခြေခံစားသောက်ကုန်ဖြစ်သည့် စားအုန်းဆီမှာ ပြည်တွင်း၌လိုအပ်ချက်ရှိနေသောကြောင့် ပြည်ပမှ တင်သွင်းမှုကို ရပ်ဆိုင်းသွားမည်မဟုတ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူ ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုကပြောဆိုသည်။

စားသုံးဆီအပါအဝင် ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်စသည်တို့မှာ ပြည်တွင်း၌ ဈေးနှုန်းအရသာမက ဖူလုံမှုအရပါ အထိခိုက်မခံနိုင်သည့် အခြေခံစားသောက်ကုန်များဖြစ်သည့် အတွက် လိုအပ်ပါက ပြည်ပမှ တင်သွင်းရ မည်ဖြစ်ကြောင်း၊ ထို့ပြင် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ပြည်ပမှတင်သွင်းဖြန့်ဖြူးသည့်အပိုင်း၌လည်း စားအုန်း ဆီများအပေါ် ထိခိုက်နစ်နာမှုမရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

စားအုန်းဆီကို မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အများဆုံးတင်သွင်းလျက်ရှိပြီး အခြားနေကြာဆီကိုလည်း ပြည်ပမှ တင်သွင်းသုံးစွဲလျက်ရှိကာ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းစသည်တို့ကို ပြည်ပသို့ တင်ပို့လျက် ရှိသောကြောင့် ပြည်တွင်း၌ စားသုံးဆီလိုအပ်ချက် ပိုမိုများပြားလာ၍ ပြည်ပမှမဖြစ်မနေ တင်သွင်းနေရခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ စားအုန်းဆီလိုအပ်ချက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်လျှင် ဆီတန်ချိန် တစ်သန်းခန့် လိုအပ်လျက်ရှိနေကြောင်းသိရ သည်။

**Source:** https://myanmar.mmtimes.com/news/121295.html

## ဒန့် သလွန်နှင့်ရဲယိုတို့ ကို ပြည်ပနိုင်ငံများက ဝယ်ယူရန်ကမ်းလှမ်းထား

မြန်မာနိုင်ငံမှဒန့်သလွန်သီးနှင့် ရဲယိုသီးတို့ကို ဂျပန်နိုင်ငံ၊တရုတ်(တိုင်ပေ)နှင့် အမေရိကန်နိုင်ငံတို့မှ ဝယ်ယူရန် ကမ်းလှမ်းထားမှုများရှိကြောင်း မြန်မာနိုင်ငံဒန့်သလွန်သီးနှင့်ရဲယို စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ (ယာယီ) မှ သိရ သည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ မတ် ၈ ရက်တွင် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်တင်ပို့ရောင်းချသူများအသင်းကကြီးမှူးကျင်းပခဲ့သည့် ဒန့်သလွန် သီးနှင့် ရဲယိုစိုက်ပျိုး ထုတ် လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားမှသိရသည်။

"ပြည်ပက ကမ်းလှမ်းတဲ့အချိန်တုန်းက အစုအဖွဲ့မရှိသေးတော့ ဗဟိုအနေနဲ့ယေဘုယျပဲပြောပေးတယ်။ စိုက်ပျိုးနေတဲ့သူ ရှိတယ်။ သူတို့နဲ့ပဲသွားချိတ်ဆိုပြီး ပြောနေရတယ်။ အခုဆိုရင် အစုအဖွဲ့ကြီးတစ်ခု ထွက်လာပြီဆိုတော့ တိတိကျကျနဲ့ ချိတ်ဆက်လို့ ရသွားမယ်"ဟု မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးတင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ကပြောဆိုသည်။

ကုန်စည်ပြပွဲများတွင် နိုင်ငံခြားသားများက ဒန့်သလွန်နှင့် ရဲယိုသီးများကို စိတ်ဝင်စားမှုရှိသကဲ့သို့ တောင်းဆိုမှုများလည်း ရှိခြင်းကြောင့် ပြည်ပဈေးကွက်ရရှိလာစေရန် မြန်မာနိုင်ငံ ဒန့်သလွန်သီးနှင့် ရဲယိုစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အစုအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ် သည်။

ပြည်တွင်းတွင် ဒေသမျိုးထက် အိန္ဒိယနှင့် ဗီယက်နမ်တို့မှ ဒန့်သလွန်မျိုးများကို စီးပွားဖြစ် စိုက်ခင်းများဖြင့် တိုးချဲ့စိုက်ပျိုးလာကြပြီး အပူပိုင်းသီးနှံဖြစ်သော်လည်း ဒေသမရွေးဖြစ်ထွန်းကာ ရာသီမရွေးစိုက်ပျိုးနိုင်သကဲ့သို့ စိုက်ပျိုးပြီး ခြောက်လခန့်အကြာတွင် ခူးဆွတ်ရောင်းချနိုင်ပြီဖြစ်သည်။ သို့သော် အပူပိုင်းဒေသတွင်း စိုက်ပျိုးမှုမှာ အအေးပိုင်းဒေသ စိုက်ပျိုးမှုထက် ပိုမိုဖြစ်ထွန်းလွယ်ကြောင်း သိရသည်။

နိုင်ငံတကာဈေးကွက်ကို အခုမှကမ်းလှမ်း နေတုန်းပေ့ါ။ သူတို့ကလည်း ကြိုဆိုပါတယ်။ တောင်သူတွေကို မျိုးပင်နဲ့ စိုက်ပျိုးရေးနည်းပညာ ကူညီပံ့ပိုးပေးသွားမယ်။ ဟိုးတလောကဆိုရင် တရုတ်(တိုင်ပေ)မှ တစ်ယောက်က ကီလို ၃၀၀ လောက် လိုချင်တယ်ပေ့ါ။ အဲဒီလိုကမ်းလှမ်း ပေမယ့် ကိုယ့်ဘက်ကမပေးနိုင်ဘူး။ ဂျပန်နဲ့ ဒီနေ့မှ စကားပြောမယ်။ သူတို့ရဲ့ကမ်းလှမ်းချက် ကို ပေးနိုင်ဖို့က လိုအပ်ချက်တွေ ရှိသေးတယ်။ ဒန့်သလွန်ကို ဥရောပနိုင်ငံတွေနဲ့အာဖရိက နိုင်ငံတွေက ဓာတ်စာအနေနဲ့ အသုံးများတယ်။ ဝယ်ယူဖို့ ကမ်းလှမ်းလာတာတွေရှိတယ်။ လက်ရှိမှာ ဒန့်သလွန်အစေ့၊ အစေ့ဆီနဲ့ ကြိတ်ဖတ်တို့ကို ထုတ်လုပ်လျက်ရှိပြီး ဒန့်သလွန်ရွက် လက်ဖက်ခြောက်၊ ရေမွှေးတို့ကို ထုတ်လုပ် သွားမှာဖြစ်ပါတယ်ဟု မြန်မာနိုင်ငံ ဒန့်သလွန်သီးနှင့် ရဲယိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ (ယာယီ) ဥက္ကဋ္ဌ ဦးမြင့်ကိုကပြောဆိုသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1731-of-the-past-and-the-species-of-morinda-offered-to-purchase-from-foreign-countries.html

## STOCK EXCHANGE (12.3.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 12th Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 1,514 | 13,323,200 | 27,112,747 | 238,592 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 2,816 | 8,025,600 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 21,000 | -500 | -2.33% | 21,500 | 21,500 | 21,000 | 670 | 14,130,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 13 | 35,100 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 373.06 | -0.46 | -0.12% | 373.52 | 373.52 | 373.06 | 5,013 | 35,513,900 | 5 | 509,315 |


**Index chart**



# Market Overview

As of 10:00 am, 12th Mar. 2019

| MYANPIX | 373.52 ▲ 0.00 |
|---|---|
| Total Volume (shares) | 2,491 |
| Total Value (MMK) | 14 mil |
| Listed Company | 5 |
| Market Cap. (MMK) | 509,940 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |

TIR